# 3 တတိယမြောက်နေ့

Dan Johnston

***‘ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏။ ငါ့ကို ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကို ယုံကြည်၍ အသက်ရှင်သော သူရှိသမျှတို့သည်လည်း သေခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။”***

*ယေရှု၊ယောဟန် ၁၁း၂၅–၂၆*

အထဲ၌ ဘာမျှ မရှိခဲ့ဟု သူတို့ ပြောခဲ့ကြသည်။ တံခါးပေါက်ဝက ပွင့်နေခဲ့သလို သင်္ချိုင်းဂူကလည်း ဟာလာဟင်းလင်း ဖြစ်နေခဲ့သည်။ အမျိုးသမီးများကပို၍ ပြောခဲ့ကြသော်လည်း ပြောကြားခဲ့သောအရာအများစုကို ၄င်းတို့၏ မျက်နှာပေါ် စီးကျနေသော မျက်ရည်များက နှစ်မြုပ်ဖုံးလွှမ်းထားခဲ့သည်။ သို့သော်လည်း ထိုအရာက လုံလောက်ခဲ့ပါသည်။

ချက်ခြင်းဆိုသလို သူတို့ သွားခဲ့ကြသည်။မှောင်မဲ၍ ရှည်လျားလှသော လမ်းတလျှောက် မိမိတို့ခြေများက မိမိတို့ကို သယ်နိုင်သမျှ အမြန်ဆုံး အလုအယက် ထိုနေရာသို့ သွားခဲ့ကြသည်။ နေ၏ အဦးဆုံးသော ရောင်ခြည်များက ကောင်းကင်၏ အလင်းကို စတင်ထွန်းညှိလိုက်ပြီဖြစ်သည်၊ ပေတရု ဂရုမစိုက်ခဲ့။

သူ့ကို လွန်ခဲ့သော (၃)ရက်ကမှ မြုပ်နှံခဲ့သည်။ သူ၏ ခန္ဓာကိုယ်မှ သူတို့ နောက်ထပ် မည်သည့်အရာများ ထပ်လိုချင် နေပါသနည်း?။ သူအသက်ရှင်စဉ်က သူ့ကို ၄င်းတို့ စိတ်ကျေနပ်လောက်အောင် ရိုက်နှက်ခဲ့ကြပြီ မဟုတ်ပါလား?။

ရောမ စစ်သားများက ၄င်းတို့၏ ကြာပွတ်များနှင့် အကြိမ်ကြိမ်အခါခါ ရက်စက်ကြမ်းကြုတ်စွာ ရိုက်နှက်ရင်း အားပါးတရ ရယ်မောနေကြသည်ကို ပေတရုအနေနှင့် သတိရနေဆဲဖြစ်သည်။ လူသားတစ်ယောက်အနေနှင့် ခံနိုင်သည့် အတိုင်းအတာထက်များစွာ ကျော်လွန်ပြီး ထပ်ခါတလဲလဲ။ သူကလည်း ထိုအခြင်းအရာကို ဤအတိုင်း ကြည့်နေခဲ့သည်။

ယေရှုအနေနှင့် ထိုအမှုအရာကို ရပ်ဆိုင်းပစ်လိုက်နိုင်စွမ်း ရှိသည်။ အဘယ်ကြောင့် သူတို့အား ဆက်လက်ပြုလုပ်ခွင့် ပေးခဲ့ပါသနည်း? သူ့ကို ကာကွယ်ရန် ကောင်းကင်တမန်များကို အလုံးအရင်းနှင့် ဆင့်ခေါ်နိုင်သည်ဟု သူပြောခဲ့သည် မဟုတ်ပါလား?၊ အဘယ်ကြောင့် သူဤကဲ့သို့ မပြုခဲ့ပါ သနည်း?။

တစုံတရာကိုသတိရလိုက်သောကြောင့် ပြေးလွှားနေသောပေတရု၏ ခြေလှမ်းများ ရပ်ဆိုင်းလုနီးပါး ဖြစ်သွားခဲ့ရသည်။ ထိုအခြင်းအရာက ပရောဖက်ကြီး ဟေရှာယ ရေးသားထားခဲ့သည့် အကြောင်းအရာကြောင့် ဖြစ်နိုင်သည်။

“ထိုသူသည် ငါတို့လွန်ကျူးခြင်း အပြစ်များကြောင့် နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေသည်။ ငါတို့၏ ငြိမ်သက်ခြင်း ချမ်းသာကို ဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ ရောက်၍၊ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏”။

သူ ကျွန်တော်တို့အတွက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သင်္ချိုင်းဂူ ပွင့်နေခြင်းက သူတို့ရှေ့ ဘွားခနဲ ပေါ်လာသည်။ ယောဟန်က အရင်ရောက်နှင့်နေပြီး သင်္ချိုင်းဂူအတွင်းသို့ စူးစိုက် ကြည့်နေခဲ့သည်။

“ပေတရု” ယောဟန်က ပူပန်ကြောင့်ကြခြင်း ကြီးစွာဖြင့် ပြောလိုက်သည်။

ပေတရုက သင်္ချိုင်းဂူရှေ့ အရှိန်လျှော့ချလိုက်သည်။ သူတို့နောက်ဘက်မှ နေမင်းကြီးကလည်း ထွက်ပြူစ ပြုနေပြီ၊ နေ့အချိန် စတင်ခဲ့ပါပြီ။

ပေတရု သင်္ချိုင်းဂူအတွင်းသို့ ဝင်လိုက်ရာ သူ၏ နောက်မှ ယောဟန်က ပါလာသည်။ ဂူအတွင်း၌ ဘာမျှမရှိ။ မြေပေါ်တွင် သူ၏ ခန္ဓာကိုယ်အား ရစ်ပတ်ထားခဲ့သော ပိတ်စ အဝတ်နှင့်အတူ သခင်ဘုရား၏ ဦးခေါင်းကို ပတ်ရစ်ခဲ့သော အဝတ်စတို့ကို ခပ်ခွါခွါ သေသပ်စွာ ခေါက်ထားလျက် ရှိနေသည်ကို တွေ့ခဲ့ရသည်။

ခန္ဓာကိုယ်မရှိတော့၊ ယူဆောင်သွားခဲ့ပြီ။

“ဘယ်သူလဲ...ဘာလဲ...?”ယောဟန်တယောက် စကားအစ ပျောက်နေခဲ့ရာမှ နောက်ဆုံး “သူတို့ သူ့ကို ဘယ်ဆီယူသွားခဲ့သလဲ?” ဟု ပြောဖြစ်တော့သည်။

ပြန်လည် ဖြေကြားသံကို မကြားရ။ တိတ်ဆိတ်ခြင်းကသာ ကြီးစိုးထားခဲ့သည်။ အနေအထားက တုန်လှုပ်ချောက်ချားစရာ ကောင်းလှသည်။ တစုံတရာကို သူတို့ မေ့နေခဲ့ကြသည်။ အလွန်အရေးကြီးသော အရာတစ်ခု။

မိနစ်အနည်းငယ်ကြာသူတို့ထိုနေရာတွင်ရပ်လျက်၊စောင့်ဆိုင်းနေခဲ့ကြသည်။ ထိုအချိန်မှာပင် ထိုနံနက်ခင်း နေထွက်ခြင်းနည်းတူ သူ–တို့၏အပေါ် နားလည်သဘောပေါက်မှုက ပြက်ပြက်ထင်ထင် ထွက်ပေါ်ကျရောက်လာခဲ့သည်။ ထိုအရာက ယေရှု ပြောခဲ့သော စကားများ “လူသားသည် ဆိုးသောသူတို့လက်သို့ အပ်နှံခြင်း၊ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကို ခံရမည်။ သုံးရက်မြောက်သောနေ့၌ ထမြောက်လိမ့်မည်။”

လိပ်ပြာနှင့် ပိုးဖလံများတို့၏ စက်ဝန်းကို ဖန်ဆင်းသော အချိန်တွင် ဘုရားသခင်သည် ရှင်ပြန်ထမြောက်ခြင်းကို ဥပမာအားဖြင့် သရုပ်ဖော်ထင်ရှားနေစေခြင်းပင်ဖြစ်သည်။သူတို့သည် ဥမှ ပေါက်ဖွားလာခဲ့ပြီး ခူကောင်များ ဖြစ်လာကြသည်။ ထို့နောက် ၄င်းတို့သည် မိမိတို့ကိုယ်ကို ပိုးအိမ်ဖြင့် ရစ်ပတ်ထားလိုက်ရာ ထိုအရာက ၄င်းတို့၏ အခေါင်းသဖွယ် ဖြစ်နေပြီး ၄င်းတို့အား သေဆုံးသွားပြီဟု ထင်မှတ်စေသည်။ သို့သော် အချိန် ကျရောက်လာသောအခါ ထိုအခေါင်းများက ရုတ်တရက်ဆိုသလို ပွင့်လာကြပြီး အလွန် လှပသော လိပ်ပြာများ၊ ပိုးဖလံများ ထွက်လာကြသည်။ တချိန်က ၄င်းတို့သည် တွားသွားကြသောပိုးကောင်များသာဖြစ်ကြသော်လည်းရုတ်တရက်ဆိုသကဲ့သို့ ၄င်းတို့သည် ကောင်းကင်သို့ ပျံတက်သွားကြသည့် အလွန်လှပသော သတ္တဝါများအဖြစ် ပေါ်ထွက်လာကြရာ ဘုရားသခင် ဖန်ဆင်းခဲ့သည့် အလှပဆုံး သတ္တဝါ အချို့ပင်ဖြစ်သည်။

သခင်ယေရှုကို ယုံကြည်ကြသူများ ရှင်ပြန်ထမြောက်ကြသောအခါ ဂျုံစေ့နှင့်အရွယ်ရောက်ပြီးသော ဂျုံပင်၊ အပြည့်အဝ ရင့်မှည့်နေ–ပြီဖြစ်သော ဂျုံပင်တို့ ကွာခြားသည့်အလားဖြစ်နေပြီး အလွန်သေးငယ်သည့် အစေ့မှ ဖြစ် ပေါ်လာသည့်အပွင့်သို့မဟုတ်ဂျုံစေ့မှ ဖြစ်ပေါ်လာသည့် ဂျုံပင်၏ ဦးခေါင်းပိုင်းကဲ့သို့ ဖြစ်လိမ့်မည်။ သင်၏ ကောင်းကင်ဘုံမှ ခန္ဓာကိုယ်အသစ်က လက်ရှိ သင်၏ ခန္ဓာကိုယ်ထက် ထိုမျှပင် ပို၍ ကောင်းမွန်လိမ့်မည်ဖြစ်သည်။ ထိုမျှပင် ပို၍ အံ့ဩစရာ ကောင်းပေလိမ့်မည်။
(၁ကော ၁၅း၃၅–၃၈၊ ၄၂–၅၈)

ဒေးဗစ်ဘရန့်ဘာ့(ဂ)

လူသားတို့အား ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ပြသရန် ယေရှုခရစ်တော်သည် မြေကြီးပေါ်သို့ ကြွမြန်းလာခဲ့သော်လည်း သူ့အား နှိပ် စက်ညှင်းဆဲပြီး လက်ဝါးကားတိုင်ပေါ် အဆုံးစီရင်လိုက်သောအခါ သူသည် အချည်းနှီး အသက်ရှင်၊ အသေခံခဲ့သလို ဖြစ်နေခဲ့ သည်။ သို့သော် (၃) ရက်လွန်သောအခါ သင်္ချိုင်းဂူထဲမှ ရှင်ပြန်ထမြောက်ခဲ့ပြီး သူ့အား လူများစွာ တွေ့မြင်ခဲ့ရသည်။ (မဿဲ ၂၈း၁–၈၊ ၁ကော ၁၅း၃–၆)

အလားတူအံ့သြဖွယ်ထူးဆန်းသောအရာကို သခင်ယေရှုက ကျွန်တော်တို့ကို ကမ်းလှမ်းလျက်ရှိရာ ယခုအသစ်သော အတွင်းအသက်တာနှင့် သေလွန်ပြီးသူနှင့်အတူ ကောင်းကင်ဘုံ၌ အသက်တာကို မိမိတို့အနေနှင့် သူ့ကိုလက်ခံယုံကြည်ခြင်း၊ သူ၏ချစ်ခြင်းမေတ္တာ၊ တန်ခိုးတော်နှင့် ဝိညာဉ်တော်တို့ကို မိမိတို့အတွင်းသို့ ယူဆောင်ခြင်းအားဖြင့် ရယူရန် ဖြစ်သည်။

ဤနေရာတွင် စာရေးသူသုံးဦးက ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းသည် ၎င်းတို့ တစ်ယောက်စီအတွက် မည်သို့ အဓိပ္ပါယ် ဆောင်ကြောင်းကို ဖော်ပြထားသည်။

**Easter** ၏ ထူးဆန်းအံ့သြဖွယ်ရာက သခင်ယေရှုသည် သင်္ချိုင်းဂူတွင်း ဆက်လက်ရှိမနေခဲ့သောကြောင့် ကျွန်တော်–တို့သည်လည်း ဤသို့ ရှိနေရန် မလိုတော့။
အပါယ်ငရဲတွင် မိမိတို့ အပြစ်များအတွက် ပေးဆပ်ခြင်းဖြစ်သော သေဆုံးခြင်းကို ခံစားစရာမလိုတော့။ သို့မဟုတ် တနည်းအားဖြင့် ဘုရားသခင်ထံမှ ထာဝရ ခွဲခွါထားခြင်းကို မခံရတော့။ သူသည် ထိုအပြစ်ဒဏ်ကို ကျွန်တော်တို့ကိုယ်စား ခံခဲ့ပြီး ဘဝအသက်တာသစ်ဖြင့် ရှင်ပြန်ထမြောက်ခဲ့သည်။ ထို့ပြင် သူ၏ အသစ်သော အသက်က ကျွန်တော်တို့အတွင်း၌ ရှိနိုင်ပြီး ကျွန်တော်တို့သည် သူ၏ ချစ်ခြင်းမေတ္တာဖြင့် ပြည့်ဝလျက်ရှိနေသည့်အလျောက်ကျွန်တော်တို့ကိုမျှော်လင့်ခြင်းနှင့် ငြိမ်သက်ခြင်းကို ပေးလျက်ရှိမည်။ သူရှင်ပြန်ထမြောက်ခဲ့ပြီ၊ ယုံကြည်ကြသော ကျွန်တော်တို့သည်လည်း အသစ်တဖန် ပြန်လည် မွေးဖွားခဲ့ကြပြီ။ ဟာလေလုယာ

ဒေးဗစ်ဘရန့်ဘာ့(ဂ)

## အိမ်အပြန်လမ်းပေါ်မှ နေရာတနေရာ

ကျောင်းမှ မိမိအိမ်ရှိရာသို့ ပြန်ရာတွင် သင်္ချိုင်းကုန်းကို ဖြတ်သန်း၍ပြန်ရသော မိန်းကလေးတစ်ဦးအားထိတ်လန့် ကြောက်ရွံ့ခြင်း ရှိမရှိကို မေးမြန်းကြည့်သောအခါ သူမက "မကြောက်ပါဘူး၊ အိမ်ပြန်ရောက်ဖို့အတွက် အဲဒီနေရာကို ကျွန်မ ရိုးရိုးလေး ဖြတ်သွားရတယ်"ဟု ဖြေဆိုခဲ့ပါသည်။

ဤအခြင်းအရာကသေခြင်းတရားအပေါ် ရှင်ပြန်ထမြောက်ခြင်းက ပြုလုပ်ခဲ့သော အရာသာဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းက သေခြင်းတရားကို ကျွန်တော်တို့ အိမ်အပြန် လမ်းခရီးပေါ်တွင် ဘေးကင်းသော၊ အန္တရာယ်မပေးသောလမ်း ဖြစ်စေခဲ့သည်။

ဤသို့ ဆိုခြင်းအားဖြင့် ဘုရားသခင်သည် သင်နှင့် သင်ချစ်သောသူတို့ကို သေဆုံးခွင့်မပေးဟု ဆိုလိုခြင်းမဟုတ်ပါ။ သခင်ယေရှု ပြန်လည်၍ ရှင်ပြန်ထမြောက်တော်မူသောနေ့ **Easter** ၏ သတင်းစကားက ယုံကြည်ခြင်းသည် လွယ်ကူကြောင်း မဆိုလိုပါ။ သို့သော် မိမိ စိတ်ဝိညာဉ်၏ အကြီးမားဆုံးသော လေပြင်းမုန်တိုင်းများအထက်မှာ မျှော်လင့်ခြင်းရှိသည်ဆိုသည့်အချက်ပင်ဖြစ်သည်။

သခင်ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းက သူတပည့်တော်များ၏ အသက်တာ၌ မျှော်လင့်ခြင်း၏ သင်္ကေတအသစ်ကို သိနားလည်လာစေခဲ့သည်။ ထိုနည်းတူစွာပင် အိမ်ခန်းများထဲတွင် ဖျားနာလျက်ရှိသော သူများတို့၏ အသက်တာ၊ ဆေးရုံပေါ်မှ လူတို့၏ အသက်တာ၊ သင်္ချိုင်းကုန်းမှာ မိမိတို့ ချစ်ခင်မြတ်နိုးသူများအား မြှုပ်နှံလိုက်ရသူတို့၏ အသက်တာ စသဖြင့် ဒုက္ခဝေဒနာ ခံစားနေကြရသောသူတို့၏ ဘဝအသက်တာများ၌လည်း မျှော်လင့်ချက်အသစ်၏ ထူးခြားထင်ရှားမှုကို သိနားလည် လာစေခဲ့သည်။

ကျွန်တော်တို့အနေနှင့် တခါတရံ ဝေဒနာကိုသော်၎င်း၊ ပူဆွေးကြေကွဲခြင်းကိုသော်၎င်း ခံစားကြရမည်ဖြစ်သော်လည်း ကျွန်တော်တို့အား မျှော်လင့်ခြင်းကင်းမဲ့စွာ အကူအညီကင်းမဲ့စွာ မထားရှိခဲ့သောကြောင့် ဘုရားသခင်ကိုကျေးဇူးတင်ရသည်။ထိုအရာက လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ခန့်က ရာဇဝင်သမိုင်း တွင် ယေရုရှလင်မြို့ရိုး၏ အပြင်ဘက်ရှိ သင်္ချိုင်းဂူငယ်လေးတစ်ခုထဲ ကြောက်မက်ဖွယ်ရာ တဒင်္ဂအချိန်တချိန်အဖြစ် နေရာယူခဲ့သော အဖြစ်အပျက်တစ်ခုကြောင့်ပင်ဖြစ်သည်။

ယင်းအဖြစ်အပျက်က တနင်္ဂနွေ နံနက်ခင်းတစ်ခုတွင် ဖြစ်ခဲ့သည်။ မိန်းမအချို့က သူတို့ချစ်ခင်သော မိတ်ဆွေ၏ ဂူသင်္ချိုင်းဆီ အတူတကွ လမ်းလျှောက် သွားခဲ့ရာ ကောင်းကင်တမန်က "ထိုသူသည် ထမြောက်တော်မူပြီ၊ ဤအရပ်၌မရှိ"ဟု ပြောသံကို ကြားခဲ့ရသည်။

***Vince Gerhardy*** (ဩစတေးလျနိုင်ငံသားသင်းအုပ်ဆရာ)

## နီးကပ်လာသော ထာဝရ ကာလ

ကျော်ကြားထင်ရှားသောဆရာများ၊ စိတ်တန်ခိုးဖြင့် ထွင်းဖောက်နားလည်သူများ၊ အာဇာနည်သူရဲကောင်းများနှင့်သူတော်စင်များက အမှန်တရားနှင့် တင့်တယ်ခြင်း ကျက်သရေနှင့်ပြည့်ဝသော စကားများကို ပြောကြားခဲ့ကြသည်။ မည်သို့ပင် ဖြစ်စေကာမူ ယေရှု၏ အကြောင်းအရာ တစ်ခုတည်း၌သာလျှင် သူကမ္ဘာမြေပေါ်သို့ ကြွလာသည့်အချိန်တွင် လူသားများက လက်လှမ်းနိုင်ရန်အတွက် ဘုရားသခင်သည် လူ့ဇာတိကို ဆောင်ယူရန် အလျော့ပေးခဲ့သည်ဆိုသည့် ယုံကြည်မှုက ကြံ့ကြံ့ခံ တည်မြဲခဲ့သည်။

မိမိ၏ ခရီးလမ်းအဆုံးရှိရာသို့ ချဉ်းကပ်လာနေရပြီဖြစ်သော ကျွန်တော့်အတွက် ယေရှု၏ မခံမရပ်နိုင်အောင် ဖြစ်စေသော တောင်းဆိုမှုက ပို၍ပင် အဓိပ္ပါယ်ပြည့်ဝလာပြီး ညို့ယူ ဖမ်းစားမှု ရှိလာသည်။ မကြာခဏဆို သလို အသက်အရွယ် ကြီးရင့်သူတို့တွင် ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း ညဘက် အိပ်ယာမှ နိုးလာသည့်အခါ ကျွန်တော်သည် မိမိခန္ဓာကိုယ်မှ တစ်ဝက်တစ်ပျက်ထွက်သွားခဲ့သလိုခံစားရပြီး အသက်ရှင်ခြင်းနှင့်သေဆုံးခြင်းကြား အပြန်အလှန် ဝဲပျံနေခိုက် မဝေးလှသော တနေရာမှ အစအဆုံးမရှိသော အချိန်ကာလ ထွက်ပေါ်လာနေသည်ကို တွေ့ကြုံခံစားရသည်။

အိပ်ယာခင်းများကြား မှောက်လျက်သားရှိနေပြီး ရေမြောင်းထဲ စွန့်ပစ်ထားသည့် စက္ကူတစ်စကဲ့သို့ ဟောင်းနွမ်း ညစ်ပေနေသော ကျွန်တော်၏ ခန္ဓာကိုယ် အပုပ်ကောင်ပေါ် မိမိကိုယ်တိုင်၊ ပိုးတုံးလုံးအိမ်မှ လွတ်မြောက်လာပြီး ပျံသန်းရန် အဆင်သင့်ဖြစ်နေသော လိပ်ပြာတစ်ကောင်ကဲ့သို့ ပျံဝဲလျက် ရှိနေသည်ကို မြင်နေရသည်။ ကျရောက်လာတော့မည့်ဆဲဆဲ ဖြစ်သည့် သူတို့၏ ရှင်ပြန်ထမြောက်ခြင်းအကြောင်းအရာကို ခူကောင်တို့ အား ပြောကြားခဲ့ပါသလား။ သူတို့ သိရှိခဲ့ကြပါသလား? သေဆုံးခြင်းတွင် သူ–တို့သည် သနားစရာ မြေကြီးပေါ် တွားသွားနေရသည့် သတ္တဝါအဖြစ် မှ အလွန်လှပစွာ ချယ်သထားသည့် တောင်ပံများနှင့် လေထဲ ပျံဝဲနေသည့် သတ္တဝါများအဖြစ် မည်သို့ပြောင်းလဲမည်ကို ပြောကြားထားပါသလား? ပြောကြား ထားခဲ့သည်ဆိုလျှင် ထိုအခြင်းအရာကို သူတို့ ယုံကြည်ကြပါသလား? ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံသော သက်ကြီးခူကောင်များက မိမိ–တို့၏ ဦးခေါင်းများကို ခါလျက် "ဒါမဖြစ်နိုင်ပါဘူး၊ ဒါက စိတ်ကူးယဉ်သက်သက်သာဖြစ်တယ်" ဟုပြောဆိုနေပုံကို ကျွန်တော် တွေးကြည့်မိသည်၊ စိတ်ကူးဖြင့် ပုံဖော်ကြည့်မိသည်။

သည့်တိုင်အောင် ရှင်သန်ခြင်းနှင့် သေဆုံးတော့မည့် အနေအထားကြား အချုပ်အနှောင် ခံနေရချိန်၊ ညအချိန်၏နာရီများကလည်း သတိသံဝေဂမရဘဲ တချက်ချက်မြည်၍ ဆက်လက်သွားနေကာ မည်းနက်နေသော ကောင်းကင်ယံကလည်းအငြိုးကြီးစွာဖြင့် အလင်းရောင်ကို တစွန်းတစမျှပင် မပြဘဲ ရှိနေခဲ့စဉ်ထိုစကားများကိုကျွန်တော်ကြားခဲ့ရသည်။ "ငါသည်ထမြောက်ခြင်းအကြောင်း အသက်ရှင်ခြင်းအကြောင်းဖြစ်၏" ထိုနောက်တွင် အလွန်ကြီးမားသည့် ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းတို့က ကျွန်တော့်ကို ဒီရေအလားသယ်ဆောင် သွားသကဲ့သို့ ခံစားလိုက်ရသည်။

**Malcolm Muggeridge** (မိမိဘဝအသက်တာ နောက်ပိုင်း တွင် ခရစ်ယာန်တစ်ယောက်ဖြစ်လာခဲ့သူ ဗြိတိန်နိုင်ငံသား သတင်းစာဆရာ
၁၉၀၃–၁၉၉၀)